## (၇-၅-၂၀၂၁) မှ (၁၃-၅-၂၀၂၁)ထိ ဆန်ပြည်တွင်း ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ လေ့လာ သုံးသပ်တင်ပြခြင်း

၁။ ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၁ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ညှော်မထ (၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၈ ဖြင့်လည်းကောင်း၊ ညှော်မထ (၂၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၈ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရပါသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ (၁၀၀ %) ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၈ ဖြင့်လည်းကောင်း၊ ညှော်မထ (၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၂ ဖြင့်လည်းကောင်း၊ ညှော်မထ (၂၅ %) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၁ ဖြင့်လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၅ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာ သိရှိရပါသည်။

၂။ ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ညှော်မထ (၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၃ ဖြင့်လည်းကောင်း၊ ညှော်မထ (၂၅ %) ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၈ ဖြင့်လည်းကောင်း ရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ညှော်မထ (၂၅ %) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၈ ဖြင့်လည်းကောင်း အသီးသီး ရှိခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

၃။ ထိုင်းနိုင်ငံ၌ (၁၀၀ %) ဘီဂရိတ်ဆန်၊ ညှော်မထ (၅ %) ဆန်၊ ညှော်မထ (၂၅ %) ဆန်ဈေးများနှင့် ဗီယက်နမ်နိုင်ငံ၌ ညှော်မထ (၅ %) နှင့် ညှော်မထ (၂၅ %) ဆန်ဈေးနှုန်းများ မြင့်တက်နေခဲ့သည်ကို သိရှိရပါသည်။ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့၏ ဆန်ဈေးနှုန်းများမှာ တည်ငြိမ်နေခဲ့သည်ကို သိရှိရပါသည်။

၄။ ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် ရူပီးငွေ တန်ဖိုးကျဆင်းခြင်းနှင့် အိန္ဒိယဆန်ကို ဝယ်လိုအား လျော့နည်းလာခြင်းတို့ကြောင့် ပြီးခဲ့သည့် တစ်ပတ်တွင် အိန္ဒိယဆန် ပို့ကုန်ဈေးများ သုံးပတ်တာအတွင်း အနိမ့်ဆုံးရောက်ရှိခဲ့ပြီး ထိုင်းနိုင်ငံတွင်မူ ဘတ်ငွေဈေးကောင်းခြင်းနှင့် သင်္ဘောတင်စရိတ်ကြီးမြင့်ခြင်းကြောင့် ဆန်ဈေးများ မြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။ အိန္ဒိယနိုင်ငံ၏ ၎ါးမှတ် ပေါင်းဆန်ဈေးသည် အစောပိုင်းတွင် တစ်တန်လျှင် ၃၈၈-၃၉၂ ဒေါ်လာကြား ရပ်တည်ခဲ့ရာမှ ပြီးခဲ့သည့်တစ်ပတ်တွင် အနိမ့်ဆုံးဈေးအဖြစ် တစ်တန်လျှင် ၃၈၆-၃၉၀ ဒေါ်လာသို့ ရောက်ရှိခဲ့သည်ကို သိရှိရပါသည်။

၅။ ရှူပီးငွေတန်ဖိုးကျဆင်းခြင်းသည် အထောက်အကူဖြစ်စေသော်လည်း အာဖရိကဝယ်လက်များ၏ ဝယ်လိုအားသည် ကျဆင်းနေဆဲဖြစ်ကြောင်း အိန္ဒိယတောင်ပိုင်း အန္ဒြရဒေသပြည်နယ်၊ ကာကီနာဒါမြို့ အခြေစိုက် ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်ကို သိရှိရပါသည်။ အိန္ဒိယရှူပီးငွေကြေးသည် ၉ လအတွင်း အနိမ့်ဆုံးသို့ ကျရောက်နေသဖြင့် ကုန်သည်များမှာ ပြည်ပသို့ တင်ပို့ရောင်းချရာမှ ဝင်ငွေတိုးမြင့် ရရှိနေကြောင်း သိရှိရပါသည်။ ထိုင်းဘတ်ငွေမှာ အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်ချက်အရ အားကောင်းနေသဖြင့် ထိုင်းငါးမှတ် ဆန်ဈေးသည်လည်း ယခင်နှစ်ပတ်အကြာက တစ်တန်လျှင် ၄၆၅-၄၈၂ ဒေါ်လာကြား ရှိခဲ့ရာမှ ပြီးခဲ့သည့် တစ်ပတ်တွင် ၄၆၇-၅၀၀ ဒေါ်လာအထိ မြင့်တက်လာခဲ့ကြောင်း ကုန်သည်များ၏ ပြောကြားချက်အရ သိရှိရပါသည်။

၆။ သင်္ဘောတင်ခ ဈေးကြီးမြင့်ခြင်းကြောင့် လတ်တလောမှာ ထိုင်းဆန် ဈေးတက်နေပြီး ဝယ်လက်များကို ဆန်အဝယ်လျော့ကျစေခဲ့ကြောင်း ဘန်ကောက်အခြေစိုက် ကုန်သည်တစ်ဦး၏ ပြောကြားချက်အရ သိရှိရပါသည်။ ဗီယက်နမ်နိုင်ငံ ငါးမှတ်ဆန်ဈေးမှာလည်း ပြီးခဲ့သည့် သီတင်းပတ်အတိုင်း အပြောင်းအလဲမရှိခဲ့ဘဲ ယခင်နှစ် ဒီဇင်ဘာလနောက်ပိုင်း အနိမ့်ဆုံးအနေဖြင့် တစ်တန်လျှင် ၄၈၅-၄၉၅ ဒေါ်လာတွင် ရပ်တည်ခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံ ဆန်တင်သွင်းသူများက ဆန်ဈေးအကျကို စောင့်နေသောကြောင့် အရောင်းအဝယ် နှေးနေပါသေးကြောင်း မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ၊ အန်ကျင်းပြည်နယ် အခြေစိုက် ကုန်သည်တစ်ဦး၏ ပြောကြားချက်အရ သိရှိရပါသည်။ ကမ္ဘောဒီးယားနှင့် အိန္ဒိယနိုင်ငံတို့တွင် ကိုဗစ်အခြေအနေ ပိုမိုဆိုးရွားနေပြီး ဆန်ရောင်းအားကျပ်တည်းနိုင်သဖြင့် ၎င်းအခြေအနေက ဆန်ဈေးနှုန်း ထပ်မံ မကျဆင်းအောင် ထိန်းပေးထားနိုင်ကြောင်း သိရှိရပါသည်။ ဗီယက်နမ် ဆန်တင်ပို့မှုသည် မတ်လအတွင်းက တန်ချိန် ၅၃၉၀၄၀ ရှိခဲ့ရာမှ ဧပြီလတွင် တန်ချိန် ၇ သိန်းနှင့် ၈ သိန်း ကြားအထိ ရောက်ရှိနိုင်ကြောင်း ကုန်သည်များက ခန့်မှန်းထားသည်ကို သိရှိရပါသည်။ ပို့ကုန်လုပ်ငန်းရှင်များက ကျူးဘား၊ ဘင်္ဂလားဒေ့ရှ်နှင့် ဆီးရီးယားတို့၏ ကုန်သည်များနှင့် ချုပ်ဆိုထားသော စာချုပ်များကို ဖြည့်ဆည်း ရောင်းချပေးနိုင်ရေး အာရုံစိုက်နေကြကြောင်း ဟိုချီမင်းစီးတီးမြို့ အခြေစိုက် ကုန်သည်တစ်ဦး၏ ပြောကြားချက်အရ သိရှိရပါသည်။

၇။ လက်ရှိ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ မေလ ၇ ရက်နေ့အထိ (ယာယီ) စာရင်းများအရ ကမ္ဘာ့နိုင်ငံပေါင်း (၃၀) ကျော်သို့ ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု ဆန်တန်ချိန် ၇၃၅၉၂၀.၀၉၃ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၉၈.၈၇၀ သန်း၊ ဆန်ကွဲ တန်ချိန် ၅၅၁၂၀၂.၈၃၀ တန်၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၁၉၁.၅၈၄ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၁၂၈၇၁၂၂.၉၂၃ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၉၀.၄၅၄ သန်း ရရှိထားပြီး၊ ယခင်နှစ်ကာလတူတွင် ဆန်တန်ချိန် ၁၁၈၄၄၃၆.၉၀၃ တန်၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၃၆၃.၄၄၈ သန်း၊ ဆန်ကွဲတန်ချိန် ၆၁၅၂၇၅.၅၈၀ တန်၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၁၆၀.၉၅၈ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၁၇၉၉၇၁၂.၄၈၃ တန်၊ တန်ဖိုး အမေရိကန် ဒေါ်လာ သန်းပေါင်း ၅၂၄.၄၀၆ သန်း ဖြစ်ကြောင်း ကုန်သွယ်မှုစာရင်းများအရ သိရှိရပါသည်။

၈။ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် ဆန်တန်ချိန် ၄၄၈၅၁၆.၈၁၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၆၄.၅၇၈ သန်း တင်ပို့မှု လျော့နည်းခဲ့သည်ကို တွေ့ရှိရပါသည်။ ဆန်ကွဲ တင်ပို့မှုတွင် တန်ချိန် ၆၄၀၇၂.၇၅၀ တန် တင်ပို့မှု လျော့နည်းခဲ့သော်လည်း တန်ဖိုး အမေရိကန်ဒေါ်လာ ၃၀.၆၂၆ သန်း ပိုမိုခဲ့သည်ကို သိရှိရပါသည်။ ဆန်နှင့်ဆန်ကွဲကို တရုတ်နိုင်ငံသို့ အများဆုံး တင်ပို့ရောင်းချနိုင်ခဲ့ခြင်းဖြစ်ပြီး ဘယ်လ်ဂျီယံ နိုင်ငံသို့လည်း ဆန်ကွဲတင်ပို့နိုင်မှု မြင့်တက်ခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရှိရပါသည်။

၉။ မြန်မာ–တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၁ ခုနှစ်၊ မေလ ၁၂ ရက်နေ့တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း ၁ ယွမ်လျှင် ၂၆၇ ကျပ်နှုန်းရှိပြီး၊ ဧည့်မထ ၂၅ % ဆန်တစ်အိတ်လျှင် ၃၀၇၀၅ ကျပ်မှ ၃၂၀၄၀ ကျပ်ကြား ပေါက်ဈေးရှိကြောင်း သိရှိရပါသည်။ မြန်မာ–ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၁ ခုနှစ်၊ မေလ ၁၂ ရက်နေ့တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၅၀ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရပါသည်။

၁၀။ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် ဟားခါးမြို့တွင် ၂၄၀၀ ကျပ်၊ မုံရွာမြို့တွင် ၂၁၀၀ ကျပ်၊ မကွေးမြို့တွင် ၁၆၅၀ ကျပ်ဖြင့် အမြင့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့ပြီး ဘားအံမြို့၊ မော်လမြိုင်မြို့နှင့် ပြည်မြို့တို့တွင် ၁၁၀၀ ကျပ်တို့ဖြင့် အနိမ့်ဆုံး ဈေးနှုန်းများ ဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။

၁၁။ Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်စျေးနှုန်းမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ၁.၂၆ ရာခိုင်နှုန်း စျေးနှုန်း ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။ ၂၀၂၁ ခုနှစ်၊ မေလ ဒုတိယပတ်တွင် နိုင်ငံတကာဆန် စျေးနှုန်းများတွင် အတက်/ အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်စျေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာ သုံးသပ်တင်ပြအပ်ပါသည်။